

## ဟိန်းလတ်

# ဧဝရတ်တောင်တက်သမားတစ်ဦး၏
# ကိုယ်တွေ့မှတ်တမ်း

The Mountain my time on everest

ED VIESTURS with David Roberts



ပုံ-၁ ၁၉၂၄ က မာလိုရီ (လက်ဝဲဖက်ဒုတိယလူ) မတ်တပ်ရပ်နေပုံ သူ့ဘွတ်ဖိနပ်က အဖွဲ့ဝင်တစ်ဦး၏ ပခုံးပေါ်တွင် ရှိနေပုံ။ ဆင်ဒီအာဗင်းက လက်ဝဲဖက် ပထမလူဖြစ်သည်။



ပုံ-၂ ၁၉၃၅ တွင် အဲရစ်ရှစ်တန် ဧဝရက်တောင်ထိပ်ကို ငေးမောနေစဉ်



ပုံ-၃ အက်ဒမန်ဟီလာရီ (ဝဲ)နှင့် တင်ဇင်းနော်ဂေးတို့ ၁၉၅၃တွင် ဧဝရက်တောင်ပေါ်၌ တွေ့ရစဉ်



ပုံ-၄ စာရေးသူတောင်ထိပ်ပေါ်တွင်

# မြန်မာပြန်ဆိုသူ၏ အမှာ စာ

၂၆-၅-၂၀၁၄ နေ့ထုတ် သတင်းစာတွင် အသက် ၃၃ နှစ်အရွယ် အိန္ဒိယ ကျောင်းသူတစ်ဦးက ဧဝရတ်တောင်ကို တရုတ်နိုင်ငံ၏

တိဘက်ဒေသအခြမ်းမှ ခက်ခက်ခဲခဲ တက်ရောက်ခဲ့ပြီးနောက် ကမ္ဘာ့အငယ်ဆုံး ဧဝရတ်တောက်တက် အမျိုးသမီး ဖြစ်လာသည် ဟူသောသတင်းကို ဖတ်ရသည် ။ သူ့အမည်က မာလာဗာ့သ်ဖူးရ်နာ ဖြစ်၏ ။ ၂၀၁၀ ပြည့်နှစ်တုန်းကလည်း အမေရိကန် နိုင်ငံမှ အသက် ၁၃နှစ်အရွယ် ဂျော်ဒန်ရိုမီယိုသည် လည်း အသက်အငယ်ဆုံး တောင်တက်သမားအဖြစ် စံချိန်တင်ခဲ့ဖူးသည် ။

ကျွန်တော် တောင်တက် စာအုပ်များ နှင့် ရင်းနှီးခဲ့သည် မှာ ၁၉၆၅ ခုနှစ်ကစ၍ဖြစ်၏ ။ ထိုစဉ်က ကျွန်တော် တက္ကသိုလ်ဝင်တန်း တက်နေစဉ်တွင် အင်္ဂလိပ်ဘာသာ ပြဋ္ဌာန်းစာအုပ်မှာ Innapurna (အင်နာပူန)ခေါ် စာအုပ် ဖြစ်၏ ။ ဟာဘော့၊ ရာချယ်လ်၊ ရေဘူဖေး စသည့် ဇတ်ဆောင်တွေ တောင်တက်ကြပုံကို ရေးသားထားသော စာအုပ် ဖြစ်၏ ။ တောင်တက်ခြင်း၏အကျိုးကျေးဇူး၊ တောင်တက်ခြင်း၏ရည်ရွယ်ချက်များကို သိခွင့်ရခဲ့သည် ။

ဒါရိုက်တာ ဇင်ရော်မောင်မောင်က “လျှို့ဝှက်သောနှင်း” အမည်ရှိ စာရေးဆရာမဂျူး၏ဝတ္ထုကို ရုပ်ရှင်ရိုက်သောအခါ ကန်တော့ပွဲပေးအခန်းများ တွင် ကျွန်တော် မိတ်ဆက်စကား ပြောခွင့်ရခဲ့သည် ။

“လူတွေ ဘာဖြစ်လို့ တောင်တက်နေကြသလဲ”

တစ်ခုတည်းသော အဖြေက -

‘တောင်တွေ ရှိနေလို့ ပေါ့’ ဟု တောင်တက်သမားများ ပြောနေကျစကားကို ကျွန်တော် စပြောကာ ကျွန်တော်ဖတ်ဖူးသော တက်တက်ခြင်း စာအုပ်တွေအကြောင်း ပြောခဲ့သည် ။ မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အသင်း ဥက္ကဋ္ဌကြီး ဗိုလ်မှူးကြီးလှအောင်

ရေးသားထားသော တောင်တက် ခြင်း နည်းပညာစာအုပ်တွေလည်း ဖတ်ဖူးသည် ။ တက္ကသိုလ်များ ခြေလျင်တောင်တက်အသင်းသို့ ဝင်ဖူးသည် ။ သို့သော် ခြေထောက်တွင် မတော်တဆ ထိ ခို က် ဒ ဏ် ရာ ရ ခဲ့ ၍ လက်တွေ့တောက်တက် ခွင့် မရခဲ့။ ခြေလျင်ခရီးရှည်နှင့်သာ ကျေနပ်ခဲ့ရသည် ။

ယခု 'ဇေဂရတ်'တောင် နှင့်ပတ်သက်၍ အပြည့်အစုံဆုံး ရေးသားထားသော ကိုယ်တွေ့မှတ် တမ်း စာအုပ်တစ်အုပ်ကို ဖတ်ရှုကြိုက်နှစ်သက်၍ မြန်မာဘာသာ ပြန်ဆိုမိသည် ။

မြန်မာလူငယ်များ ကမ္ဘာ့ အမြင့်ဆုံး တောင်ထွတ်များ ဆီသို့ ခြေချနိုင်ရေးအတွက် 'အားဆေး' တစ်ခွက်ဖြစ်မည်ဟု ယုံကြည်ပါသည် ။

**ဟိန်းလတ်**

* * *